# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 4, 2022 Volume 51, Number 4


**၄.၂.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၀၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၇၂၅၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၀ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၇ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၂.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၆၄.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၇၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၈၀၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၅.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရွှေဈေးကွက်နှင့် ငွေကြေးဈေးကွက်ကို စောင့်ကြည့်ရန် ကော်မတီဖွဲ့

ပြည်တွင်းရွှေဈေးကွက်နှင့် ငွေကြေးဈေးကွက်ကို စောင့်ကြည့်ကာ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် ရောင်းဝယ်မှုများကိုဖော်ထုတ်ရန် စောင့်ကြည့်၊ ထိန်းသိမ်းကြပ်မတ်ရေး လုပ်ငန်းကော်မတီကို ဖွဲ့စည်းလိုက်ကြောင်း သတင်းထုတ်ပြန်သည်။

အဆိုပါကော်မတီကို အဖွဲ့ဝင်(၁၉)ဦးဖြင့် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ (၁၇)ရက်နေ့က ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

ပြည်တွင်းရွှေဈေးကွက်အတွင်း ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် ရောင်းဝယ်နေမှုကို ဖော်ထုတ်ရန်အတွက် အရောင်းအဝယ်စာရင်းများကို လိုအပ်သလိုစစ်ဆေးရန်၊ ရွှေဈေးကွက်တည်ငြိမ်မှုကို ပျက်ပြားစေသော ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်မှုပြုသောသူများကို စိစစ်ဖော်ထုတ်အရေးယူရန်၊ နိုင်ငံခြားငွေကြေးများအား တရားမဝင်ကိုင်ဆောင်ခြင်း၊ ဥပဒေမဲ့အရောင်းအဝယ်ပြုလုပ်ခြင်း၊ ဈေးကစားခြင်းပြုလုပ်သူများကို စစ်ဆေးဖော်ထုတ်ပြီး အရေးယူရန်တို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

ကျပ်သိန်း(၂၀၀)ထက် ပိုသော ငွေပေးချေမှုများကို ဘဏ်စနစ်ကိုအသုံးပြု၍ ပေးချေမှုရှိမရှိ စစ်ဆေးရန်၊ ဘဏ်တွင်အပ်နှံထားသော ငွေများကိုရာခိုင်နှုန်းယူ၍ ငွေသားထုတ်ပေးခြင်း၊ဘဏ်ပြင်ပတွင် ရာခိုင်နှုန်းယူ၍ လဲလှယ်ပေးသူများကို စစ်ဆေးအရေးယူရန်တို့လည်း အဆိုပါကော်မတီကလုပ်ဆောင်ရမည်ဟု ဖော်ပြထားသည်။

ပြည်တွင်းရွှေဈေးကွက်နှင့် နိုင်ငံခြားသုံးငွေဈေးကွက်ကို ကြပ်မတ်ထိန်းကျောင်းရန်နှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို နေ့စဉ်ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ဗဟိုကော်မတီကို တင်ပြရမည်ဟု ဖော်ပြထားသည်။

အဆိုပါ ရွှေနှင့်ငွေကြေးဈေးကွက် စောင့်ကြည့်၊ ထိန်းသိမ်းကြပ်မတ်ရေးလုပ်ငန်းကော်မတီသည် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေး ဗဟိုကော်မတီ လက်အောက်တွင်ရှိပြီး ဗဟိုဘဏ်ဒုဥက္ကဋ္ဌတစ်ဦးက ဦးဆောင်မည်ဖြစ်သည်။

**Source:** http://www.etrademyanmar.com.mm/NewsDetails.aspx?News= %2023987

## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ ၃ ဘီလီယံကျော်ကို အတည်ပြုခဲ့ဟုဆို

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အာဏာယူသည့်အချိန်မှ တစ်နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၃ ဒသမ ၈၂ ဘီလီယံ (ဇန်နဝါရီ ၂၆ ရက် ၁ ဒေါ်လာ ၁၇၇၁ ကျပ် ပေါက်ဈေးအရ) ညီမျှသောပမာဏနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၆၅၁ သန်းကို အတည်ပြုခဲ့ကြောင်း ဇန်နဝါရီ ၂၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောသည်။

နိုင်ငံတည်ငြိမ်ရေးဆီ ပြန်လည်ဦးတည်နေခြင်းနှင့် ကိုဗစ်-၁၉ ကပ်ဘေးကိုထိန်းချုပ်ရေး ကာကွယ်ဆေးထိုးနှံသည့်နှုန်း တိုးရန် ကြိုးစားနေမှုများကြား တိုင်းပြည်၏ စီးပွားရေးအလားအလာအပေါ် ယုံကြည်ရမှုကို အဆိုပါရင်းနှီးမြှုပ်နှံမှု အဆိုပြုချက်များက မီးမောင်းထိုးပြနေသည်။

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက်မှ ၂၀၂၂ ဇန်နဝါရီ ၂၀ ရက်ကြား ကာလအတွက် တိုင်းပြည်၏ နောက်ဆုံးရင်းနှီးမြှုပ်နှံမှု စာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားရေးဆက်ဆံမှုဝန်ကြီးဌာနတို့က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်က အဆိုပြုခဲ့သည့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှု ၅၀ တွင် ခုနစ်ခုသည် ကန်ဒေါ်လာ ၄၂၇ ဒသမ ၃၄ နှင့် ညီမျှသော ဝန်ဆောင်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုဖြစ်ပြီး ၂၉ ခုမှာ ဒေါ်လာ ၇၄ ဒသမ ၅၈ သန်းနှင့် ညီမျှသော ကုန်ထုတ်လုပ်မှုကဏ္ဍမှ ဖြစ်သည်ဟု ထုတ်ပြန်ချက်၌ဆိုသည်။ သတ္တုတူးဖော်ရေး၊ လျှပ်စစ်ကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍများသည်လည်း ယင်းကာလအတွင်း ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ခဲ့သည်။ ပြီးခဲ့သည့်နှစ်က အတည်ပြုနိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် LNG လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံ စီမံကိန်းလည်း ပါဝင်သည်ဟုသိရသည်။

မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သော တရုတ်သည် နိုင်ငံအတွင်း အကြီးဆုံးရင်းနှီးမြှုပ်နှံသူဖြစ်ခဲ့သည်။ တရုတ်မှ အပဖြစ်သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများတွင် ဂျပန်က ဒေါ်လာ ၅၁၆ ဒသမ ၄၃ သန်း ရင်းနှီးမြှုပ်နှံမှု တစ်ခု၊ စင်ကာပူမှ ဒေါ်လာ ၄၄၂ ဒသမ ၂၀ သန်း ရင်းနှီးမြှုပ်နှံမှု လေးခု၊ ထိုင်းမှ ဒေါ်လာ ၇၅ ဒသမ ၅၀ သန်း ရင်းနှီးမြှုပ်နှံမှု နှစ်ခု၊ တောင်ကိုရီးယားမှ ဒေါ်လာ ၆၆ ဒသမ ၁၇ သန်း ရင်းနှီးမြှုပ်နှံမှုငါးခုနှင့် ဟောင်ကောင်မှဒေါ်လာ ၆၀ ဒသမ ၀၉ သန်း ရင်းနှီးမြှုပ်နှံမှု ခုနစ်ခုတို့ဖြစ်ကြသည်။

ပြီးခဲ့သည့်နှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အလုပ်အကိုင်ပေါင်း ၂၅၃၈၃ ခုနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသည် နောက်ထပ်အလုပ်အကိုင်သစ် ၃၇၂၆၂ ခုတို့ကို ဖန်တီးပေးနိုင်သည်ဟု ခန့်မှန်းထားသည်။

**Source: Scoop World**

http://www.etrademyanmar.com.mm/NewsDetails.aspx?News=%2023985

## ဇန်နဝါရီ ၂၈ ရက်မှ ဖေဖော်ဝါရီလ ၃ ရက်နေ့ တစ်ပတ်အတွင်း ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်းများ

**အာလူးဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၂၈.၁.၂၀၂၂ မှ ၃.၂.၂၀၂၂) နေ့အထိ ရှမ်းပြည်နယ်၊ အောင်ပန်းမြို့မှ အာလူးများ ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နေ့တွင် အောင်ပန်းမြို့မှ ဝင်ရောက်လာသော အာလူးတစ်ပိဿာဈေးနှုန်းများမှာ အာလူး A1 ကျပ် ၁၇၀၀၊ အာလူး OK ကျပ် ၁၇၀၀ ၊ အာလူး S1 ကျပ် ၁၇၀၀၊ အာလူး S2 ကျပ် ၁၈၅၀ ဈေးနှုန်းအသီးသီး ဖြစ်သည်။ အောင်ပန်း အာလူးဈေးမှာ ယခင်အပတ်ဈေးနှုန်းထက် အာလူး A1 ၊ OK နှင့် S1 တို့မှာ ဈေးငြိမ်လျက်ရှိပြီး အာလူး S2 မှာ ကျပ် ၅၀ ခန့် ဈေးကျဆင်းခဲ့သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ တစ်နေ့လျှင် ပျမ်းမျှကားအစီးရေ ၁၀ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးရေ စုစုပေါင်း ၆၀ စီး ဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ပျမ်းမျှ အာလူးပိဿာချိန် ၆၀၀၀၀ ပိဿာနှင့် တစ်ပတ်အတွင်း စုစုပေါင်းပိဿာချိန် ၃၆၀၀၀၀ ဝင်ရောက်ခဲ့သည်။ ရန်ကုန်မြို့ဒေသတွင်းလက်လီပြန်လည်ရောင်းချသူများနှင့် အာလူးကြော်လုပ်ငန်းရှင်များမှ ဝယ်ယူခဲ့ကြကြောင်းသိရသည်။

**ကြက်သွန်ဖြူဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၂၈.၁.၂၀၂၂ မှ ၃.၂.၂၀၂၂) ရက်အထိ ရှမ်းပြည်နယ် အောင်ပန်းမြို့မှ ကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နေ့ အောင်ပန်းမြို့ မှ ဝင်ရောက်လာသောကြက်သွန်ဖြူ တစ်ပိဿာ ဈေးနှုန်းများမှာ ကြူကုတ် (ရှယ်) ကျပ် ၃၆၀၀ ၊ အောင်ပန်း ( ထူး-၂ ) ကျပ် ၁၅၀၀၊ ( ထူး-၃ ) ကျပ် ၂၀၀၀၊ ( ထူး-၄ ) ကျပ် ၂၆၀၀၊ ( ထူး-၅ )ကျပ် ၃၀၀၀ ဈေးနှုန်း အသီးသီး ဖြစ်သည်။ ကြူကုတ်(ရှယ်) ကျပ် ၁၀၀ခန့် ဈေးမြင့်တက်ခဲ့ပြီး၊ အောင်ပန်းကြက်သွန်ဖြူမှာ ယခင်အပတ်ဈေးနှုန်းအတိုင်း ဈေးငြိမ်၍ အရောင်းအဝယ်ဖြစ်ကြောင်းသိရသည်။ ရန်ကုန်မြို့ဒေသတွင်း လက်လီပြန်လည်ရောင်းချသူများမှ ဝယ်ယူခဲ့ကြကြောင်းသိရသည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူ(ကြူကုတ်) အိတ်ပေါင်း ၁၂၂၀၀ (၃၆၆၀၀၀ ပိဿာ) နှင့် အောင်ပန်း ကြက်သွန်ဖြူ အိတ်ပေါင်း ၁၀၄၅၀ (၂၁၉၀၀၀ ပိဿာ) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်နီဈေးနှုန်းများ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၂၈.၁.၂၀၂၂ မှ ၃.၂.၂၀၂၂ ) ရက်အတွင်း ဆိတ်ဖြူမြို့မှ ကြက်သွန်နီများ ဝင်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၃ ရက်တွင် ဝင်ရောက်လာသော ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိတ်ဖြူ (ရှယ်စ) ကျပ် ၅၇၅၊ လတ်ကြီး ကျပ် ၅၅၀၊ လက်သန့် ကျပ် ၅၀၀၊ လတ်ချော ကျပ် ၃၂၅ဈေးနှုန်းအသီးသီးဖြစ်သည်။ ကြက်သွန်နီ ဈေးနှုန်းမှာ ယခင်တစ်ပတ်ဈေးနှုန်းထက် ဆိတ်ဖြူ (ရှယ်စ)နှင့် လတ်ကြီးကျပ် ၅၀၊ ဈေးကျဆင်းခဲ့ပြီး လတ်သန့် ကျပ် ၂၅ နှင့်လတ်ချော ကျပ်၁၂၅ ခန့် အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ရန်ကုန်မြို့ဒေသတွင်း လက်လီပြန်လည်ရောင်းချသူများမှ ဝယ်ယူခဲ့ကြကြောင်း သိရသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တစ်နေ့လျှင် ပျမ်းမျှ ကားအစီးရေ ၃၁ စီးခန့်နှင့် တစ်ပတ်အတွင်း ကားအစီးရေ စုစုပေါင်း ၁၈၇ စီးဝင်ရောက်ခဲ့ပြီး တစ်နေ့လျှင် ကြက်သွန်နီ ပျမ်းမျှ ပိဿာချိန် ၁၈၇၀၀၀ ပိဿာဝင်ရောက်ခဲ့ပြီး တစ်ပတ်အတွင်း စုစုပေါင်း ပိဿာချိန် ၁၁၂၂၀၀၀ ပိဿာ ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဗဟိုဌာန**

## တရုတ်မှ တင်သွင်းသည့်အပေါ် အခွန်ကင်းလွတ်ခွင့်ကြောင့် ပါကစ္စတန်ရေနံကုမ္ပဏီများ အကျိုးအမြတ်များစွာရရှိ

ပါကစ္စတန်၏ ရေနံ ရောင်းဝယ်ရေးကုမ္ပဏီ ၁၅ ခုသည် ပြီးခဲ့သည့် ၂နှစ်တာအတွင်း တရုတ်နိုင်ငံမှ ဓာတ်ဆီလီတာပေါင်း ၂ ဒသမ ၄ ဘီလီယံကျော် တင်သွင်းခဲ့ရာတွင် အကောက်အခွန် ကင်းလွတ်ခွင့်ကြောင့် အကျိုးအမြတ်များစွာ ဖြစ်ထွန်းခဲ့သည်။ အဆိုပါ ရေနံကုမ္ပဏီများသည် တရုတ်-ပါကစ္စတန် လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီချက် (CPFTA) ၏ အောက်တွင် ရူပီး ၂၀ ဘီလီယံကျော်အထိ အမြတ်အစွန်းရရှိခဲ့ကြခြင်းဖြစ်သည်။

ရေနံကုမ္ပဏီများသည် ၂၀၂၀ ဇန်နဝါရီ ၁ ရက်မှ ၂၀၂၂ ဇန်နဝါရီ ၁ ရက်အကြား ကာလအတွင်း တရုတ်နိုင်ငံမှ ဓာတ်ဆီ (မော်တော်ယာဉ်သုံး ဓာတ်ဆီ) လီတာပေါင်း ၂ ဒသမ ၄၁၆ ဘီလီယံခန့်အထိ တင်သွင်းထားခဲ့ကြောင်း ရေနံကုမ္ပဏီများ အကြံပေးကောင်စီ (OCAC) ကနေတဆင့် စွမ်းအင်ဝန်ကြီးဌာန (ရေနံဌာနခွဲ) ထံ တင်ပြခဲ့ကြသည်။ ၎င်းတို့သည် အခြားသော ကမ္ဘာ့ကျန်ဒေသများမှ အလားတူ သွင်းကုန်များနှင့်မတူဘဲ CPFTA အောက်တွင် အထက်ပါ သွင်းကုန်များအတွက် ၁၀ ရာခိုင်နှုန်း အကောက်ခွန်များကို မပေးဆောင်ခဲ့ရပေ။

တရုတ်နိုင်ငံမှ ဓာတ်ဆီတင်သွင်းမှုဆိုင်ရာ အထောက်အထား အခြေခံဒေတာအချက်အလက်များ ပေးအပ်တင်ပြရန် ဇန်နဝါရီ ၁၄ ရက်တွင် ရေနံဌာနခွဲက ရေနံကုမ္ပဏီများကိုညွှန်ကြားခဲ့သည်။ ယင်းနောက်တွင် ရေနံကုမ္ပဏီများကလည်း ကုန်တင်သင်္ဘောအမည်များ၊ ထုတ်ကုန်တင်သည့် မူလဆိပ်ကမ်း၊ ထုတ်ကုန်အရည်အသွေး၊ ကုန်စည်ချသည့် ဆိပ်ကမ်းနှင့် ပေးဆောင်ခဲ့သည့် အခွန်အကောက်များနှင့် ပတ်သက်သည့်အသေးစိတ်အချက်အလက်များကို တင်ပြခဲ့ကြသည်။

အဆိုပါ ပါကစ္စတန် ရေနံကုမ္ပဏီများသည် ကြီးမားသည့် အကျိုးအမြတ်များရခဲ့သော်လည်း အဆိုပါသွင်းကုန်များ တင်သွင်းမှုပိုင်းတွင် ဥပဒေချိုးဖောက်ထားခဲ့ခြင်းမရှိကြောင်း အစိုးရအရာရှိတစ်ဦးကပြောသည်။ “တရုတ်ကနေ ဒီနှုန်းထားသက်သာတဲ့ အကောက်ခွန်မဲ့သွင်းကုန်တွေကြောင့် ပြည်တွင်းသုံးစွဲသူတွေအပေါ် ထိခိုက်မှုဖြစ်စေတာ ဒါမှမဟုတ် ဝင်ငွေဆုံးရှုံးနစ်နာစေတာမျိုး ရှိတယ်ဆိုရင်လည်း ဒါက အစိုးရမူဝါဒပိုင်းနဲ့ဥပဒေပိုင်းမှာ ဟာကွက်ရှိတာကြောင့်ပဲဖြစ်ပါလိမ့်မယ်။ ကုမ္ပဏီတွေဘက်က အမှားလုပ်ထားတာကြောင့် မဟုတ်ပါဘူး” ဟု ရေနံလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်သူတစ်ဦးက ပြောကြားသည်။

**Source:** https://mizzimaburmese.com/article/98491

## နိုင်ငံခြားကုန်သွယ်မှုစံချိန်တင်မြင့်တက်ခဲ့သည့် တရုတ်နိုင်ငံ

၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၃၉.၁)ထရီလီယံ၊ အမေရိကန်ဒေါ်လာ (၆.၀၅) ထရီလီယံ ရရှိခဲ့ကြောင်း တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့မှ ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါပမာဏသည် တရုတ်နိုင်ငံ၏ ကုန်သွယ်မှု သမိုင်းတစ်လျှောက်တွင် အမြင့်ဆုံးအဖြစ် ၂၀၁၃ ခုနှစ်အတွင်း၌ ရရှိခဲ့သည့် အမေရိကန်ဒေါ်လာ (၄) ထရီလီယံထက် ကျော်လွန်ခဲ့ကာ မြင့်မားသည့်စံချိန်သစ်ဖြစ်လာခဲ့ပါသည်။

တရုတ်နိုင်ငံ၏ ၂၀၂၁ ခုနှစ်၊ နိုင်ငံခြားကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်ကထက် (၂၁.၄) ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တင်ပို့မှု ပမာဏ၊ တရုတ်ယွမ်ငွေ(၂၁.၇၃)ထရီလီယံ (၂၀၂၀ ပြည့်နှစ်ကထက်(၂၁.၂) ရာ ခိုင်နှုန်း) တင်သွင်းမှုပမာဏ တရုတ်ယွမ်ငွေ (၁၇.၃၇) ထရီလီယံ (၂၀၂၀ ပြည့်နှစ်ကထက် (၂၁.၅) ရာ ခိုင်နှုန်း) အသီးသီးတိုးတက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ်အတွင်း တရုတ်နိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံများမှာ အာဆီယံနိုင်ငံများ၊ ဥရောပသမဂ္ဂနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့ဖြစ်ပြီး ကုန်သွယ်မှုဆက်လက်တိုးတက်ခဲ့ပါသည်။

အဆိုပါကာလအတွင်း တရုတ်နှင့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပမာဏ၊ တရုတ်ယွမ်ငွေ (၅.၆၇) ထရီလီယံရရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၉.၇) ရာခိုင်နှုန်း ၊ ဥရောပ သမဂ္ဂနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ၊ တရုတ်ယွမ်ငွေ ( ၅.၃၅) ထရီလီယံ ရရှိခဲ့ကာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၉.၁) ရာခိုင်နှုန်း၊ အမေရိကန်ပြည်ထောင်စုနှင့် ကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၄.၈၈) ထရီလီယံရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၂၀.၂) ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံနှင့် ကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၂.၄) ထရီလီယံရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၉.၄) ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံနှင့် ကုန်သွယ်မှုပမာဏ တရုတ်ယွမ်ငွေ (၂.၃၄) ထရီလီယံရရှိခဲ့ရာ ၂၀၂၀ ပြည့်နှစ်ကထက် (၁၈.၄) ရာ ခိုင်နှုန်း၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းတွင် ပါဝင်လျက်ရှိသည့်နိုင်ငံများနှင့် ကုန်သွယ်မှုသည် ၂၀၂၀ ပြည့်နှစ်ကထက်(၂၃.၆)ရာခိုင်နှုန်းအသီးသီး တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရပါသည်။

**Source:** http://www.chinadaily.com.cn/a/202201/15/WS61e2043ea310cdd39bc81315.html

**ရွှေစင်ဦး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-ဘေကျင်း)**

## ဒေါ်လာငွေတန်ဖိုးကျဆင်းလျက်ရှိသဖြင့် ဘရာဇီးလ်နိုင်ငံ သီးနှံဈေးကွက်များတွင် အရောင်းအဝယ်များ အေးစက်လျက်ရှိ



လတ်တလောရက်များတွင် အမေရိကန်ဒေါ်လာတန်ဖိုးများ ကျဆင်းလျက်ရှိရာ အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ ဈေးကွက်တွင် သီးနှံများ အရောင်းအဝယ်ဖြစ်ပေါ်လျက်ရှိသော်လည်း ဒေသအလိုက် ပေါက်ဈေးများဖြင့် ရောင်းဝယ်လျက်ရှိသည့် ဘရာဇီးလ် သီးနှံဈေးကွက်များတွင် အရောင်းအဝယ်များ အေးစက်လျက်ရှိနေသည်။ ပဲပုတ်စေ့စိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် သီးနှံစိုက်ခင်းများအပေါ်တွင်သာ အာရုံစိုက်လုပ်ဆောင်လျက်ရှိပြီး သီးနှံရောင်းဝယ်မှုတွင် ဈေးကောင်းရရှိရန် စောင့်ဆိုင်းလျက်ရှိသည်။

ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ချီကာဂိုစတော့ဈေးကွက်၌ သီးနှံဈေးနှုန်းများသိသိသာသာမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ တန်ဖိုးမှာ ကျဆင်းလျက်ရှိခဲ့သည်။ ထို့ကြောင့် ဈေးကွက်တွင် သီးနှံဈေးနှုန်းများသတ်မှတ်ရာ၌ အခက်အခဲများဖြစ်ပေါ်ခဲ့သည်။

ပဲပုတ်စေ့အများအပြားစိုက်ပျိုးထုတ်လုပ်သည့် ဘရာဇီးလ်နိုင်ငံ၏တောင်ပိုင်းတွင် မိုးခေါင်သည့်ရာသီဥတု ဆက်လက်ဖြစ်ပေါ်လျက်ရှိပြီး နိုင်ငံ၏အရှေ့တောင်ပိုင်းနှင့် အလယ်ပိုင်း၏ အနောက်ခြမ်းတို့တွင် မိုးရွာသွန်းမှုများ ဆက်တိုက်ဖြစ်ပေါ်လျက်ရှိနေသဖြင့် ပျက်ဆီးဆုံးရှုံးနိုင်မည့် သီးနှံပမာဏအား စိုက်ပျိုးထုတ်လုပ်သူများက ခန့်မှန်းတွက်ချက်လျက်ရှိသည်။

ပဲပုတ်စေ့ဈေးကွက်ပေါက်ဈေးများအနေဖြင့် ၆၀ ကီလိုဂရမ်အလေးချိန်ရှိသည့် ပဲပုတ်စေ့ ၁ အိတ်တန်ဖိုးသည် Passo Fundo (RS) ဈေးကွက်တွင် ၁၉၁.၀၀ ဟဲရာမှ ၁၉၅.၀၀ ဟဲရာသို့လည်းကောင်း၊ Missions region ဈေးကွက်တွင် ၁၈၉.၀၀ ဟဲရာမှ ၁၉၄.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်းမြင့်တက်ခဲ့ပြီး Rio Grande ဆိပ်ကမ်းဈေးကွက်တွင် ၁၉၂.၀၀ ဟဲရာဖြင့် ဈေးနှုန်းတည်ငြိမ်ခဲ့သည်။ ထို့အပြင် Paraná ပြည်နယ်၊ Cascavel ဈေးကွက်တွင် ပဲပုတ်စေ့ တစ်အိတ်တန်ဖိုးသည် ၁၈၂.၀၀ ဟဲရာမှ ၁၈၁.၀၀ ဟဲရာသို့လည်းကောင်း၊ Paranaguá (PR) ဆိပ်ကမ်းဈေးကွက်တွင် ၁၈၇.၀၀ ဟဲရာမှ ၁၈၆.၀၀ ဟဲရာသို့လည်းကောင်း ဈေးနှုန်းများ အနည်းငယ်ကျဆင်းခဲ့ပြီး Dourados (MS) ဈေးကွက်တွင် ပဲပုတ်စေ့ ၁ အိတ်ဈေးနှုန်းသည် ၁၇၀.၀၀ ဟဲရာမှ ၁၇၂.၀၀ ဟဲရာသို့လည်းကောင်း၊ Rio Verde (GO) ဈေးကွက်တွင် ၁၇၁.၀၀ ဟဲရာမှ ၁၇၂.၀၀ ဟဲရာသို့လည်းကောင်း အသီးသီးဈေးနှုန်း မြင့်တက်ခဲ့သည်။ Rondonópolis (MT) ဈေးကွက်တွင်မူ ၁၇၀.၀၀ ဟဲရာဖြင့် ဈေးနှုန်းတည်ငြိမ်ခဲ့သည်။

အမေရိကန်နိုင်ငံ၊ ချီကာဂိုစတော့ဈေးကွက်တွင် မတ်လအတွက်သီးနှံကြိုပွိုင့်ဈေးနှုန်းသည် ဝ.၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ပဲပုတ်စေ့ ၁ စည်လျှင် အမေရိကန်ဒေါ်လာ ၁၄.၈၈ ဒေါ်လာဖြင့် အရောင်းအဝယ်များဖြစ်လျက်ရှိသည်။

Source: canalrural.com.br

**ထွန်းအောင်ဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရာဇီးလ်)**

## တရုတ်နိုင်ငံတွင် ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေးနီဈေးနှုန်း အနည်းငယ်မြင့်တက်ခဲ့

ပြီးခဲ့သည့်ရက်သတ္တပတ်အဆုံးတွင် ကြေးနီလက်ငင်းအဝယ်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် (၇၁,ဝ၅၅) ဖြစ်ခဲ့ကာ ယခင်ရက်သတ္တပတ်အစောပိုင်းကဈေးနှုန်းထက် (ဝ.၈၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ကာ၊ ပြီးခဲ့သည့်နှစ်ကထက် (၁၉.၇၆) ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

**ရောင်းလိုအားနှင့် ဝယ်လိုအား**

ရောင်းလိုအား ကစဉ့်ကလျားဖြစ်မည်ကို စိုးရိမ်သဖြင့် ကမ္ဘာတစ်ဝှမ်းမှ ကြေးနီ သတ္တုတွင်းများဘက်မှ တဖြည်းဖြည်းသာ ထုတ်ရောင်းသဖြင့် နွေဦးရာသီပွဲတော်ကာလအတွင်း သိုလှောင်ရုံများတွင် လက်ကျန်နည်းနေခြင်းနှင့် ပစ္စည်းထပ်ထည့်ခြင်းတို့ အကြားတွင် မျှခြေရှိနေနိုင်ပြီး၊ ကုန်ချောအသုံးပြုမည့်ဘက်မှလည်း ဝယ်လိုအားနည်းနေရာ အလုံးစုံရောင်းလိုအားနှင့် ဝယ်လိုအားမှာ အားနည်းနေနိုင်ပါသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် နွေဦးရာသီပွဲတော်မှာ နီးကပ်လာပြီဖြစ်သဖြင့် ဝယ်လိုအား အားနည်းနေပြီး၊ ကြေးနီရောင်းလိုအားမှာလည်း လျော့တိလျော့ရဲဖြစ်နေသဖြင့် ရေတိုကာလတွင် ကြေးနီဈေးနှုန်းအတက်အကျဖြစ်နေပြီး အားလျော့နေဖွယ်ရှိပါသည်။

Source: **SunSirs** (၂၄-၁-၂ဝ၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

## ကမ္ဘာ့ FDI ဖွံ့ဖြိုးတိုးတက်မှုတွင် မောင်းနှင်အားတစ်ခုဖြစ်သော အရှေ့တောင်အာရှ၏ FDI ဝင်ရောက်မှုအခြေအနေသည် ၂ဝ၂ဝ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့

ကမ္ဘာ့နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဖွံ့ဖြိုးတိုးတက်မှုတွင် ဆယ်စုနှစ်တစ်ခုကြာ မောင်းနှင်အားတစ်ရပ်ဖြစ်ခဲ့သော အရှေ့တောင်အာရှ၏ FDI ဝင်ရောက်မှုအခြေအနေမှာ ၂ဝ၂ဝ ပြည့်နှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၆ ဘီလီယံဖြင့် ယခင်နှစ်ထက် ၂၅ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း UNCTAD ၏ ၂၁ – ၆ – ၂ဝ၂၁ ရက်နေ့ထုတ်ဝေသည့် World Investment Report 2021 အစီရင်ခံစာ အရ သိရှိရပါသည်။

ကိုဗစ် ၁၉ ကပ်ရောဂါ ထိန်းချုပ်ရေးအစီအမံများ ချမှတ်ဆောင်ရွက်ရခြင်း၊ ကုန်ထုတ်လုပ်မှု ကွင်းဆက်ပြတ်တောက်ခြင်း၊ လုပ်ငန်းများ၏ ဝင်ငွေကျဆင်းမှု၊ စီးပွားရေးအခြေအနေမသေချာမှု များနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှေးကွေးသွားခြင်းတို့သည် FDI စီးဝင်မှုကို ကျဆင်းသွားစေခဲ့သော အဓိကအကြောင်းရင်းများဖြစ်ပါကြောင်း၊ အရှေ့တောင်အာရှတွင် စင်ကာပူ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ် နိုင်ငံတို့သည် အစဉ်လိုက် FDI ဝင်ရောက်မှုအများဆုံးနိုင်ငံများအဖြစ် ရပ်တည်ခဲ့ကြောင်း၊ သို့သော် ၂ဝ၂ဝ ပြည့်နှစ်တွင် စင်ကာပူသည် FDI အမေရိကန်ဒေါ်လာ ၉၁ ဘီလီယံဖြင့် ယခင်နှစ်ထက် ၂၁ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး၊ အင်ဒိုနီးရှားမှာ အမေရိကန်ဒေါ်လာ ၁၉ ဘီလီယံဖြင့် ၂၂ ရာခိုင်နှုန်း လျော့ကျခဲ့ကြောင်းနှင့် ဗီယက်နမ်သည် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံဖြင့် ၂ ရာခိုင်နှုန်း လျော့နည်းခဲ့ကြောင်း ဖော်ပြထားပါသည်။ အလားတူစွာပင် မလေးရှားသည် FDI အမေရိကန်ဒေါ်လာ ၃ ဘီလီယံ ရရှိခဲ့သဖြင့် ၅၅ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး၊ မြန်မာနိုင်ငံသည် FDI အမေရိကန်ဒေါ်လာ ၁.၈ ဘီလီယံဖြင့် ၃၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်းနှင့် ထူးခြားမှုအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံသည် FDI အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံဖြင့် ပုံမှန်ပမာဏ အတိုင်းရရှိခဲ့ပြီး၊ ထိုင်းနိုင်ငံတွင် Tesco ကုမ္ပဏီမှ ရင်းနှီးမြှုပ်နှံမှုရုပ်သိမ်းခဲ့သဖြင့် အနုတ် (–) အမေရိကန်ဒေါ်လာ ၆ ဘီလီယံပေါ်ပေါက်ခဲ့ကြောင်း၊ ဤအခြေအနေနှင့်ဆန့်ကျင်ဘက်မှာ ၂ဝ၂ဝ ပြည့်နှစ်အတွင်း အာရှသို့ FDI ဝင်ရောက်မှုသည် အမေရိကန်ဒေါ်လာ ၅၃၅ ဘီလီယံဖြင့် ၄ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း၊ အာရှသည် ကမ္ဘာ့ FDI ဝင်ရောက်မှုပမာဏထက်ဝက်ကို ကိုယ်စားပြုခဲ့ပြီး၊ အဓိကအားဖြင့် တရုတ်၊ ဟောင်ကောင်၊ အိန္ဒိယနှင့် ယူအေအီးနိုင်ငံများသို့ FDI ဝင်ရောက်မှုမြင့်တက်ခဲ့ခြင်းဖြစ်ပါကြောင်းနှင့် ၂ဝ၂ဝ

ပြည့်နှစ် ကမ္ဘာ့ FDI ဝင်ရောက်မှုအခြေအနေသည် အမေရိကန်ဒေါ်လာ ၁ ထရီလီယံဖြင့် ၃၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟုဖော်ပြထားပါသည်။

**Source: The Business Times**

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## ဟောင်ကောင်ဒေသ၌ လတ်ဆတ်သော ကြက်ဥအနှစ်အရည် ထုတ်လုပ်သည့်လုပ်ငန်းသည် တီထွင်ဆန်းသစ်မှု ဆိုင်ရာ ပံ့ပိုးမှုရန်ပုံငွေ ဟောင်ကောင်ဒေါ်လာ (၁၄.၉) မီလီယံရရှိခဲ့ခြင်း

ဟောင်ကောင် အထူးအုပ်ချုပ်ရေးဒေသ၏ ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ဆန်းသစ်လုပ်ကိုင်ရန် အကြီးဆုံး စီမံကိန်းများထဲမှ လုပ်ငန်းတစ်ခုဖြစ်သည့် ကြက်ဥအနှစ် အရည်ထုတ်လုပ်သည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပံ့ပိုးပေးမှုရန်ပုံငွေ ဟောင်ကောင်ဒေါ်လာ(၁၄.၉)မီလီယံရရှိခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့ထုတ် South China Morning Post သတင်းစာ၌ Tiffany Liang က “ Liquid egg firm gets HK$ 14.9m of innovation funds” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

အဆိုပါ သတင်းဆောင်းပါးတွင် ဟောင်ကောင်ဒေသရှိ တီထွင်ဆန်းသစ်မှုနှင့်နည်းပညာဆိုင်ရာကော်မရှင်မှ ပြောကြားခဲ့ရာတွင် တီထွင်ဆန်းသစ်မှုမှတစ်ဆင့် ဟောင်ကောင်ဒေသ၌ ကုန်ပစ္စည်းများထုတ်လုပ်မှုတိုးတက်စေရေး ထုတ်လုပ်မှုစွမ်းရည်များ အဆင့်မြှင့်တင်နိုင်ရန် လတ်ဆတ်သော ကြက်ဥအနှစ်အရည်ထုတ်လုပ်သည့် Luen Tai Hong ကုမ္ပဏီသို့ ရန်ပုံငွေများ ထောက်ပံ့ခဲ့ကြောင်း၊ ထုတ်လုပ်မှုမှာ (၂) ဆမှ (၃) ဆ အထိ၊ ပမာဏအားဖြင့် (၃၀) တန်မှ (၇၀) တန်အထိ တိုးတက်နိုင်ပြီး ထုတ်လုပ်မှုကုန်ကျစရိတ်မှာ (၂၀) ရာခိုင်နှုန်းမှ(၃၀)ရာခိုင်နှုန်းအထိ လျော့ကျနိုင်ကြောင်း၊ အဆိုပါစီမံကိန်းတွင် ဟောင်ကောင် ဒေါ်လာ (၄၅) သန်းကုန်ကျမည်ဖြစ်ပြီး ထုတ်လုပ်သည့်ကုမ္ပဏီမှ ဟောင်ကောင်ဒေါ်လာ (၃၀) သန်း ထည့်ဝင်လုပ်ကိုင်ရမည်ဖြစ်ကြောင်း၊ ကြက်ဥနှစ်အရည်များကို မုန့်ဖုတ်ခြင်း၊ အစားအစာထုတ်လုပ်မှုများနှင့် စားသောက်ဆိုင်များတွင် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုကြကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လမှ စတင်ပံ့ပိုးခဲ့သည့် Re-industrialisatiion Funding Scheme အတွက် လျှောက်ထားမှု (၃၅) ခုရှိခဲ့ရာ စုစုပေါင်း စီမံကိန်း (၂၁) ခုအား အတည်ပြုပေးခဲ့ပြီးရန်ပုံငွေဟောင်ကောင်ဒေါ်လာ(၁၅၃)သန်း ပံ့ပိုးပေးခဲ့ကြောင်း၊ လျှောက်ထားမှုထက်ဝက်ကျော်မှာ အစားအသောက်ထုတ်လုပ်မှုနှင့်ဆက်စပ်သည့်လုပ်ငန်းများဖြစ်ပြီး အခြားလုပ်ငန်းများမှာ ပုံနှိပ်ထုတ်ဝေမှုများ၊ ဆေးရုံသုံးပစ္စည်းများ ထုတ်လုပ်သည့်လုပ်ငန်းများအစရှိသည်တို့ပါဝင်ကြောင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ပြန်လည်ဆန်းသစ်မှု (Re-industrialisation) တွင် လုပ်ငန်းနေရာ ကြီးမားကျယ်ပြန့်ရန်နှင့် အလုပ်သမားအင်အားအများအပြားလိုအပ်ခြင်းမရှိကြောင်း၊ Re-industrialisation ကို မြှင့်တင်နိုင်ရန် စက်ရုံများသို့ ကျောင်းသားများနှင့် လေ့လာသူဧည့်သည်များ လာရောက်ရန်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ဟောင်ကောင်ဒေသ၌ ထုတ်လုပ်မှုလုပ်ငန်းမှာ ဟောင်ကောင်ဒေသ ဂျီဒီပီ၏(၁)ရာခိုင်နှုန်းသာပါဝင်ကြောင်း၊ ဟောင်ကောင်ဒေသအစိုးရဗျူရိုအား ပြန်လည်ဖွဲ့စည်းမှုတွင် ဟောင်ကောင်ဒေသ၏ Re-industrialisation ကိုလည်း ကြိုးပမ်းဆောင်ရွက်ရန် ဟောင်ကောင်အထူးအုပ်ချုပ်ရေးဒေသ၊ အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam Cheng Yuet –ngor မှ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလတွင်ပြောကြားခဲ့သည့် မူဝါဒရေးရာမိန့်ခွန်းတွင် ပါဝင်ကြောင်း၊ ထို့ပြင် Re-industrialisation ကိုမြှင့်တင်ဆောင်ရွက်လုပ်ကိုင်နိုင်ရန် ယခုလက်ရှိ Innoviation and Technology Bureau အား Innovation,Technology and Industry Bureau အဖြစ်အမည် ပြောင်းလဲသင့်သည်ဟု အုပ်ချုပ်ရေးမှူးချုပ် Mrs. Carrie Lam က အကြံပြုပြောကြားခဲ့ကြောင်းစသည်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: အေးသီရိုင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်)**

## STOCK EXCHANGE (4.2.2022)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 4th Feb. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +100 | +1.23% | 8,200 | 8,200 | 8,200 | 1,053 | 8,634,600 | 33,109,694 | 271,499 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 1,531 | 4,593,000 | 38,929,150 | 116,787 |
| MCB | 00003 | 8,000 | +200 | +2.56% | 8,000 | 8,000 | 8,000 | 39 | 312,000 | 10,400,986 | 83,208 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,550 | -50 | -1.92% | 2,550 | 2,550 | 2,550 | 5 | 12,750 | 12,823,224 | 32,699 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 19,977,223 | 55,936 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

### Market summary

As of 4th Feb. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 382.28 | +2.73 | +0.72% | 379.55 | 382.28 | 379.55 | 2,628 | 13,552,350 | 7 | 665,021 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 4th Feb. 2022

| MYANPIX | 382.28 ▲ 2.73 |
|---|---|
| Total Volume (shares) | 2,628 |
| Total Value (MMK) | 14 mil |
| Listed Company | 7 |
| Market Cap. (MMK) | 665,021 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 200 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,550 | ▼ 50 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |